# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 22, 2024 Volume 81, Number 16

၂၂.၈.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၃၄.၃ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၅.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၃၃.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၄.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၂၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၂၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၇၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၉.၄၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၂၇၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မကွေးဈေးကွက်၏ ပဲဈေးနှုန်းဈေးကွက်အခြေအနေ



မကွေးတိုင်းဒေသကြီး၊ မကွေးဈေးကွက်သို့ မြို့နယ်အတွင်းရှိ မိကျောင်းရဲ၊ လျှောင်းတော်ဦး၊ ကံသစ်၊ ရွာဟောင်းကန်၊ သစ်ရာကောက် စသည့်ကျေးရွာများနှင့် စလင်း၊ ဆင်ဖြူကျွန်း၊ မင်းဘူး၊ မြို့သစ်၊ နတ်မောက်မြို့တို့မှထွက်ရှိသော ပဲတီစိမ်း၊ ပဲနောက်၊ ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲ၊ မတ်ပဲနှင့်အခြားပဲမျိုးစုံများ ဝင်ရောက်ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။

၂၀၂၄ ခုနှစ် ဩဂုတ်လဒုတိယပတ်တွင် ကုလားပဲ (929) ၁ တင်းလျှင် ကျပ် ၁၀၀,၀၀၀၊ ကုလားပဲဟော်လန် ၁ တင်းလျှင် ကျပ် ၉၉,၀၀၀၊ မတ်ပဲ ၁ တင်းလျှင် ကျပ် ၁၁၆,၀၀၀၊ ပဲစင်းငုံနီ ၁ တင်းလျှင် ကျပ် ၁၄၆,၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ကျန်ပဲဈေးနှုန်းများမှာ တည်ငြိမ်လျက်ရှိကြောင်း၊ ဩဂုတ်လ ပထမပတ်နှင့်နှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် ကုလားပဲ(929) ကျပ်(၁၇,၀၀၀)၊ ကုလားပဲ ဟော်လန် ကျပ် ၁၇,၀၀၀၊ မတ်ပဲ ကျပ် ၉၀၀၀၊ ပဲစင်းငုံနီ ကျပ် ၆၀၀၀ ဈေးမြင့်တက်ခဲ့ကြောင်း၊ တင်ပို့မှုအနေဖြင့် မန္တလေးမြို့သို့ ပဲတီစိမ်းအိတ် ၁၀၀၀၊ ရန်ကုန်မြို့သို့ ကုလားပဲအိတ် ၁၅၀၀၊ မြေပဲအိတ် ၁၀၀၀ စုစုပေါင်းအိတ်ရေ ၃၅၀၀ တင်ပို့ခဲ့ပြီး တန်ချိန် ၅၁၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**Source: DOCA(မကွေး)**

https://www.commerce.gov.mm/

## ပြည်ပမှ ပဲပုပ်ဖတ်တင်သွင်းမှုကို ၃ နှစ်အတွင်း အပြီးလျှော့ချသွားမည်



တိရစ္ဆာန်အစာနဲ့အသားဓာတ်အတွက် လိုအပ်တဲ့ပဲပုပ်ဖတ်ကို ပြည်ပကနေ တင်သွင်းမှုအား ၃ နှစ်အတွင်း အပြီးလျှော့ချသွားမယ်လို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်း ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောလာပါတယ်။

ပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်တဲ့ ပဲပုပ်ဆီကြိတ်ဖတ်တွေနဲ့ အစားထိုးသုံးစွဲသွားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိတယ်လို့ ဆိုပါတယ်။ ပြည်တွင်းမှာ ပဲပုပ်ကို ကြက်၊ ဝက်နဲ့ငါးအပါအဝင် တိရစ္ဆာန်အစာ လိုအပ်ချက်အပြင် ကုန်ချောပါထုတ်လုပ်နေတာကြောင့် ပြည်တွင်းလိုအပ်ချက်အတွက် နှစ်စဉ်ပဲပုပ်ဖတ်ကုန်ကြမ်း တန်ချိန် ၈ သိန်းကျော်ကို ပြည်ပကနေ တင်သွင်းရတာပါ။

ပဲပုပ်ကုန်ကြမ်းအများစုကို အမေရိကန်၊ အာဂျင်တီးနား၊ အာဖရိကနဲ့ ထိုင်းနိုင်ငံတွေကနေ အဓိကတင်သွင်းလျက်ရှိပြီး အဲဒီအထဲက ထက်ဝက်ကျော်ကို ငါးလုပ်ငန်းကဏ္ဍမှာ အသုံးပြုပါတယ်။

ပဲပုပ်ကို ရှမ်း/တောင်၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း မန္တလေးတိုင်းတို့မှာ အများဆုံးစိုက်ပျိုးကြပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှာလည်း အနည်းငယ်စိုက်ပျိုးမှုရှိပါတယ်။

ပဲပုပ်ကနေ ပဲနို့ရည်၊ အသားတု၊ ပဲပုပ်ခြောက်၊ ဆီတို့ဟူး၊ မုန့်မျိုးစုံတို့ အဓိကထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်အတွက်လည်း ဝယ်လိုအားရှိပါတယ်။ လက်ရှိ ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်အတွင်း ပဲပုပ် (မြစ်ဝကျွန်းပေါ်) အထွက်တိုး တစ်ပိဿာ ၆၀၀၀ ကျပ်ကနေ ၆၁၇၀ ကျပ် ဈေးရှိတယ်လို့ သိရပါတယ်။

**Source: BETV Business**

## အောင်လံ၊ မကွေး၊ ပခုက္ကူဒေသများမှ အသစ်ဝင်မြေပဲဆန်များ ဝယ်လိုအားကောင်းနေ



မန္တလေးဈေးကွက်သို့ အသစ်ဝင်ရောက်လာသည့် အောင်လံ၊ မကွေး၊ ပခုက္ကူဒေသများမှ အသစ်ဝင် မြေပဲဆန်များ အဝင်ရှိသလောက် ဝယ်လိုအားကောင်းနေကြောင်း ပဲနှမ်းကုန်သည်များထံမှ သိရသည်။

ဇူလိုင်လကုန်ပိုင်းထိ အညာမြေပဲဆန်များ လက်ကျန်နည်းလာပြီး တဖြည်းဖြည်း ဈေးမြင့်တက်လာရာ တစ်ပိဿာလျှင် ကျပ် တစ်သောင်းကျော်အထိ ဈေးမြင့်တက်လာခဲ့သည်။

ထိုသို့ မန္တလေးဈေးကွက်တွင် လက်ကျန်နည်းလာတာကြောင့် အသစ်ဝင်မြေပဲဆန်များ အဝင်ရှိသလောက် ဝယ်လိုအားကောင်း ဈေးမြင့်တက်နေရာ အသစ်ဝင်မြေပဲလုံးဆန်တစ်ပိဿာလျှင် ကျပ် ၁၂,၀၀၀ အထိ ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း မန္တလေးပဲကုန်သည်တစ်ဦးက ပြောသည်။ “ဈေးကွက်အတွင်းမှာ စားအုန်းဆီဈေးနှင့်မြေပဲဆီဈေးမှာ ကွာခြားမှုသိပ်မရှိတော့ဘဲ စားအုန်းဆီဝယ်ယူရန် ခက်ခဲတာကြောင့် မြေပဲဆီဈေးက တဖြည်းဖြည်းမြင့်တက်လာပြီး ဝယ်လိုအားကောင်းနေတာပါ။ ဆီစက်ပိုင်တွေအတွက် ဆီကြိတ်ဝါးဖို့ ကုန်ကြမ်းလိုအပ်ချက်က ပိုများနေတော့ အသစ်ဝင်မြေပဲဆန်တွေက ဝင်သလောက် အကုန်ရောင်းနေရပါတယ်။ အရင်က မြေပဲဆန်ကို နိုင်ငံခြားတင်ပို့မှုရှိမှသာ ဈေးကောင်းရတတ်ပေမဲ့ ယခုအခါ မြေပဲဆန်ထွက်ရှိတဲ့ဒေသက မြေပဲဆန်တွေ အကုန်လိုက်ဝယ်နေကြတဲ့သဘောပါ။ လာမဲ့ဆောင်းသီးနှံမှာလည်း တောင်သူတွေ ဈေးကောင်းရနေဦးမှာပါ”ဟု ၎င်းကပြောသည်။

မကွေးတိုင်းဒေသကြီး အောင်လံ၊ တောင်တွင်းကြီး၊ သရက် ဒေသများက အချို့မြေပဲစိုက်ခင်းများ ပျက်စီးမှုရှိခဲ့သော်လည်း ထွက်ရှိလာသည့် မြေပဲလုံးဆန်များကို ပြည်တွင်းဆီစက်လုပ်ငန်းနှင့် ပြည်ပနိုင်ငံများသို့ အဓိကတင်ပို့ရောင်းချနေခြင်းဖြစ်ပြီး တစ်ကေလျှင် မြေပဲတင်း ၄၀ မှ ၅၀ ထိထွက်ရှိပြီး မိုးမြေပဲအစို တစ်ပိဿာလျှင် ကျပ် ၂၈၀၀ မှ ၃၀၀၀ ကျပ်ပေါက်ဈေး ရှိနေပြီး မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၁၂,၀၀၀ ထိ ဈေးကောင်းရရှိနေခြင်းဖြစ်သည်။

ဩဂုတ် ၂၀ ရက် မန္တလေးကုန်စည်ဒိုင်တွင် မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၁၂,၀၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် လက်ကားဈေး ကျပ် ၂၀,၀၀၀၊ ပဲဖတ် တစ်ပိဿာလျှင် ကျပ် ၆၈၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## မန္တလေးဈေးကွက်အတွင်း ကြူကုတ်မှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



မန္တလေးဈေးကွက်အတွင်း ကြူကုတ်မှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေကပြောသည်။

ပြည်တွင်းဈေးကွက်အတွင်း ဩဂုတ်လ ဒုတိယပတ်မှစ၍ ကြူကုတ်မှထွက်ရှိသည့် ကြက်သွန်ဖြူများဝယ်ယူမှု များပြားလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အလားတူ ယခုလက်ရှိတွင် ကြက်သွန်ဖြူများကို ပြည်ပကလည်း အဝယ်များလာသဖြင့် မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲ မှာကြူကုတ်ကထွက်ရှိတဲ့ ကြက်သွန်ဖြူတွေကို ကုန်သည်တွေအနေနဲ့ အဝယ် တော်တော်များလာတယ်။ ကြက်သွန်ဖြူ အဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်လာပါတယ်"ဟု ဒေါ်မေသဲဆွေကပြောသည်။

ပြည်တွင်းပြည်ပမှ ဝယ်ယူမှုများပြားနေခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ကြူကုတ်မှထွက်ရှိသည့် ကြက်သွန်ဖြူများမှာ ဩဂုတ် ၂၀ ရက် ပေါက်ဈေးအရ တစ်ပိဿာလျှင် ငွေကျပ် ၁၅,၀၀၀ ခန့် ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်းသိရသည်။

"အခုတစ်လော ကြူကုတ်ကနေ မန္တလေးကိုတင်ပို့တဲ့ ကြက်သွန်ဖြူတွေ ရန်ကုန်နဲ့အခြားမြို့ကြီးတွေကို ပြန်ပြီးတင်ပို့နေရပါတယ်။ ကြက်သွန်ဖြူအသစ်တွေလဲ လက်ကျန်ရှားနေတော့ ဈေးကွက်ထဲ အရောင်းအဝယ်ကောင်းလာတယ်" ဟု မန္တလေးမြို့ အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင်ကပြောသည်။

ယခုလက်ရှိတွင် ကြူကုတ်မှထွက်ရှိသည့် ကြက်သွန်ဖြူများအပြင် ဆိပ်ဖြူ၊ မုံရွာနှင့်မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်ဖြူများလည်း ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း လတ်တလောတွင် ကြူကုတ်မှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်အကောင်းဆုံးအနေအထားတွင်ရှိကြောင်းသိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှု မရပ်နားမီ ပြည်တွင်းပြောင်းဈေး ဆက်လက်မြင့်တက်နေ



ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှု မရပ်နားမီ ပြည်တွင်းပြောင်းဈေးကွက် ဆက်လက်မြင့်တက်နေကြောင်း ပြောင်းကုန်သည်များထံက သိရသည်။

ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှုကို ဩဂုတ်လကုန်ပိုင်း တွင် ရပ်နားတော့မည်ဖြစ်ပြီး စက်တင်ဘာလမှ ဖေဖော်ဝါရီလထိ ပြောင်းတင်ပို့မှု ရပ်ထားမည်ဖြစ်သည်။

ထိုင်းနိုင်ငံသို့ ပြောင်းတန်ပို့မှုကို ဩဂုတ်လကုန်ထိသာ တင်ပို့ခွင့်ရှိတော့မည်ဖြစ်ရာ ယခုရက်ပိုင်းအတွင်း ပြောင်းတင်ပို့မှုကို ပင်လယ်ရေကြောင်းမှသာ တင်ပို့နေခြင်းဖြစ်သည်။ "ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်းကို တင်ပို့ချိန်က သင်္ဘော ၅-၇ ရက်လောက်ကြာတော့ ဒီလ ၂၁ ဆို နောက်ဆုံးသင်္ဘောတွေထွက်ပြီ။ ဒါပြီးရင် ထိုင်းကိုတင်ပို့မှု မတ်လကုန်ထိ ရပ်နားသွားမှာပါ။ ထိုင်းနိုင်ငံကို တင်ပို့မှု

မရှိတော့ရင်တော့ ပြည်တွင်းအစာစက်ရုံတွေက ဝယ်လိုအားကောင်းနေမှာပါ”ဟု ပြောင်းလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပြည်တွင်းပြောင်းဖူးစေ့များကို ပြည်ပတင်ပို့မည့်ကုမ္ပဏီများက ဖွန်၊ ဇူလိုင်လများကဝယ်ယူခဲ့ပြီး ရေလမ်းခရီးဖြင့် မန္တလေးဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန်ဆိပ်ကမ်းမှ ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်းသို့ တင်ပို့နေခြင်းဖြစ်သည်။

ဩဂုတ် ဒုတိယသီတင်းပတ်တွင် ဇန်းမော်ဘက်မှ ပြောင်းအနည်းငယ်ဝင်ရောက်မှုရှိနေပြီး ပြည်တွင်းပြောင်း လက်ကျန်နည်းနေကြောင်း ပြည်တွင်းအစာစက်ရုံများ၏ ဝယ်လိုအားကြောင့် ပြောင်းဈေး ဆက်လက်မြင့်တက်နေခြင်းဖြစ်သည်။ ပြည်တွင်းပြောင်းဈေးမှာ ဩဂုတ်လ ၂၀ ရက်တွင် ၅၄ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ၈၄,၀၀၀ ပေါက် ဈေးရှိနေပြီး ယခင်သီတင်းပတ်ထက် ကျပ် ၁၀,၀၀၀ ခန့် ဈေးမြင့်တက်လာကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ထိုင်းနိုင်ငံမှ သစ်သီးဝလံတင်သွင်းရန်အတွက် စစ်ဆေးရေးဂိတ်သစ်တစ်ခုကို ယူနန်ပြည်နယ်တွင် ဖွင့်လှစ်ခဲ့

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နယ်စပ်ရှိ မဲခေါင်မြစ်ပေါ်တွင်တည်ရှိသည့် Guanlei Port ၌ စစ်ဆေးရေးဂိတ်သစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက်က ကျင်းပခဲ့ကြောင်း၊ အဆိုပါဆိပ်ကမ်းသည် ယူနန်ပြည်နယ်၌ သစ်သီးတင်သွင်းရန်အတွက် သတ်မှတ်ထားသော ၁၁ ခုမြောက် စစ်ဆေးရေးဂိတ်ဖြစ်လာပြီး အရှေ့တောင်အာရှမှ သစ်သီးတင်ပို့မှုများအတွက် ရေလမ်းသစ်ကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားပြီးနောက် မွန်းလွဲပိုင်းတွင် Xishuangbanna Jinggu Agricultural Development Company မှ ပထမအကြိမ်တင်သွင်းလာသော ဒူးရင်းသီးနှင့် အခြားသစ်သီးဝလံများကို Guanlei ဆိပ်ကမ်း၌ အကောက်ခွန်ရှင်းလင်းရေး အောင်မြင်စွာဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုင်းနိုင်ငံ၊ Chiang Saen ဆိပ်ကမ်းမှ ဩဂုတ် ၃ ရက်တွင် မြစ်ကြောင်းဖြင့်တင်ပို့သည့် သစ်သီးများသည် Guanlei Port သို့ နှစ်ရက်အတွင်းရောက်ရှိခဲ့ကြောင်း၊ ထိုလမ်းကြောင်းသစ်သည် ထိုင်းနိုင်ငံနှင့် အခြား အရှေ့တောင်အာရှနိုင်ငံများမှ သစ်သီးတင်သွင်းမှုများအတွက် အချိန်နှင့်ကုန်စရိတ်များကို သိသိသာသာလျှော့ချရန်ရည်ရွယ်ပြီး တင်သွင်းလာသော သစ်သီးဝလံများသည် တရုတ်ဈေးကွက်သို့ အချိန်တိုအတွင်း ဈေးနှုန်းသက်သာစွာဖြင့် ရောက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆိပ်ကမ်း၌ ကုန်ပစ္စည်းစစ်ဆေးခြင်း၊ အကောက်ခွန်ရှင်းလင်းခြင်း (သို့မဟုတ်) အခြားလိုအပ်သည့်လုပ်ငန်းစဉ်တစ်ခုကို စောင့်ဆိုင်းနေချိန်တွင် တင်သွင်းလာသော သစ်သီးဝလံများကို ယာယီသိမ်းဆည်းနိုင်သည့် အအေးခန်းများပါဝင်ကြောင်း၊ ပြင်ပဧရိယာတွင် အအေးခန်း သိုလှောင်ရုံများနှင့် ပေ ၂၀ နှင့် ပေ ၄၀ အအေးခန်းကွန်တိန်နာများထားရှိနိုင်သော အားသွင်းရုံ ၂၅ ခု တပ်ဆင်ထားကြောင်း၊ ထို့ပြင် အဆိုပါနေရာသည် တန် ၅၀၀ ဆံ့ ကုန်တင်သင်္ဘောများ ဆိုက်ကပ်နိုင်ရန် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများလည်းပါဝင်ကြောင်းသိရသည်။

ကုမ္ပဏီများသည် မကြာသေးမီက ဒူးရင်းသီး၊ သရက်သီး၊ ဖရဲသီးနှင့် ငှက်ပျောသီးစသည့် သစ်သီး တန်ချိန် ၂၀,၀၀၀ ခန့်အတွက် အကောက်ခွန်အာဏာပိုင်များထံ လျှောက်လွှာများတင်သွင်းခဲ့ကြကြောင်း၊ Guanlei ဆိပ်ကမ်းမှတစ်ဆင့် တင်သွင်းသည့် သစ်သီးဝလံပမာဏသည် ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၁၅၀,၀၀၀ အထိ ရောက်ရှိမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် တန်ချိန် ၃၀၀,၀၀၀ အထိ မြင့်တက်လာမည်ဟု သက်ဆိုင်ရာဌာနများက ခန့်မှန်းထားကြောင်း သိရသည်။

**Source: https://www.producereport.com/article/new-river-checkpoint-thai-fruit-imports-opens-yunnan**

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/

## ထိုင်းနိုင်ငံ၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနက တရုတ်မှတင်သွင်းလာသော အလူမီနီယံချောင်းများအား စုံစမ်းစစ်ဆေးမှု ဆောင်ရွက်သွားရန်ရှိ

ထိုင်းနိုင်ငံအတွင်းသို့ တရုတ်မှတင်သွင်းလာသော အလူမီနီယံချောင်းများ၏ Anti-dumping ဆိုင်ရာစုံစမ်းစစ်ဆေးမှုကို ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စုံစမ်းစစ်ဆေးမှုဆောင်ရွက်ရခြင်းမှာ တင်သွင်းမှုမြင့်တက်လာခြင်းကြောင့် ပြည်တွင်းထုတ်လုပ်မှုကို ထိခိုက်စေသည်ဟု ပြည်တွင်းသံမဏိထုတ်လုပ်သူများ၏ တိုင်ကြားချက်များကြောင့်ဖြစ်ကြောင်း အိမ်စောင့်အစိုးရ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး H.E Mr. Phumtham Wechayachai က ပြောကြားခဲ့သည်။

တရုတ်သွင်းကုန်များ ထိုင်းနိုင်ငံအတွင်းသို့ အများအပြားဝင်ရောက်လာမှုကိုဖြေရှင်းရန် မူဝါဒများနှင့်အစီအမံများ အစဉ်လိုက်ဆောင်ရွက်ရန် သက်ဆိုင်ရာဦးစီးဌာနများကို လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ပြည်တွင်းစက်ရုံများကို ခြိမ်းခြောက်မှုရှိလာနိုင်သည့် သွင်းကုန်များအတွက် Anti-dumping၊ Countervailing နှင့် Safeguard စသည့် ကုန်သွယ်ရေးဆိုင်ရာ ထုံးတမ်းများကို ရှာဖွေလျက်ရှိပါကြောင်း၊ Anti-dumping တွင် Anti-dumping အခွန်များပါဝင်ပြီး တရုတ်၊ ထိုင်ဝမ်၊ ဂျပန်၊ အီးယူ၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်တို့မှ ထိုင်းနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် သံမဏိ ထုတ်ကုန်များအပေါ်ကောက်ခံသည့် ပိုမိုမြင့်မားသောအကောက်ခွန်နှုန်းထားဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအတွင်းသို့ တရုတ်မှ တင်သွင်းလာသော အလူမီနီယံချောင်းများအပေါ် Anti-dumping ဆိုင်ရာ စုံစမ်းစစ်ဆေးမှု ဆောင်ရွက်သွားမည်ဖြစ်ပြီး ၉ လကြာမြင့်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အလူမီနီယံချောင်းများ အစုလိုက်အပြုံလိုက်ဖြစ်နေသည်ဟု စစ်ဆေးတွေ့ရှိပါက ဝန်ကြီးဌာနအနေဖြင့် သွင်းကုန်များအပေါ် Anti-dumping အခွန်ကို ၅ နှစ်ကြာကောက်ခံသွားမည်ဖြစ်ပြီး အစီအမံများကို ပြန်လည်သုံးသပ်မည်ဖြစ်ပါကြောင်း၊ ကနဦး ၅ နှစ်ပြီးနောက် အစုလိုက်အပြုံလိုက်အခြေအနေ ဆက်လက်ဖြစ်ပေါ်နေပါက Anti-dumping အခွန်ကို နောက်ထပ် ၅ နှစ် ထပ်မံ ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းသံမဏိထုတ်လုပ်သူများကိုကာကွယ်ရန်နှင့် အမေရိကန်-တရုတ် ကုန်သွယ်ရေး ပဋိပက္ခမှ အကာအကွယ်ဖြစ်စေရန် ထိုင်းနိုင်ငံသည် ၂၀၂၃ ခုနှစ်မှစ၍ Anti-dumping အခွန်ကို ကိစ္စရပ် ၂၀ ခုပေါ်တွင် ကောက်ခံခဲ့ကြောင်း သိရသည်။

ကုန်သွယ်ရေးပဋိပက္ခဖြစ်ပွားပြီးနောက် အမေရိကန်သည် တရုတ်သံမဏိထုတ်ကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်း ကြောင့် တရုတ်၏ပို့ကုန်များ ကျဆင်းမှုကို ခုခံနိုင်ရေးအတွက် အခြားဈေးကွက်များကို ရှာဖွေလာခဲ့ရာ တရုတ်သံမဏိ ထုတ်ကုန်များသည် ထိုင်းနှင့်အရှေ့တောင်အာရှနိုင်ငံများတွင် အစုလိုက်အပြုံလိုက်ဖြစ်နေပါကြောင်း၊ ယင်းသည် ပြည်တွင်း သံမဏိလုပ်ငန်းရှင်များကို စိုးရိမ်မှုဖြစ်စေပါကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

Anti-dumping အခွန်ကောက်ခံလျက်ရှိသည့် ကိစ္စရပ် ၂၀ ခုအပြင် တရုတ်မှတင်သွင်းလာသော အအေးလျှော့ကာဗွန် သံမဏိ (ကွိုင်နှင့် ကွိုင်မပါ) တို့အပြင် တရုတ်၊ တောင်ကိုရီးယားနှင့်ထိုင်ဝမ်တို့မှ တင်သွင်းလာသော သံမဏိအပူလိပ်ပြား၊ သံမဏိ tube နှင့် ပိုက်များအပေါ် Anti-dumping အခွန်ကောက်ခံနိုင်ရေး စဉ်းစားလျက်ရှိကြောင်း သိရသည်။

**Source:** www.bangkokpost.com

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံမှ မိကျောင်းအသား၊ အေးခဲထားသော ဒူးရင်းနှင့် အုန်းသီးလတ်လတ်ဆတ်ဆတ်များကို တရုတ်နိုင်ငံသို့တင်ပို့ရန် အတည်ပြုချက်ရရှိ

ဗီယက်နမ်နိုင်ငံမှ အေးခဲထားသော ဒူးရင်း၊ အုန်းသီးနှင့်မိကျောင်းအသားများကို တရုတ်နိုင်ငံသို့တင်ပို့ရန် ခွင့်ပြုချက် ရရှိပြီးဖြစ်ကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (MARD) က တနင်္လာနေ့တွင် ပြောကြား ခဲ့သည်။ ဗီယက်နမ်နိုင်ငံသမ္မတ Lâm ၏ တရုတ်နိုင်ငံသို့ နိုင်ငံတော်ခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ အကောက်ခွန်ဦးစီးဌာနတို့သည် တရုတ်နိုင်ငံသို့တင်ပို့မည့် သဘော တူညီချက်အချို့ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခြင်းသည် နှစ်နိုင်ငံကြား လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှု အတွက် အရေးပါသောမှတ်တိုင်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည် ဖြစ်ကြောင်း MARD မှ ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ အေးခဲထားသော ဒူးရင်းတင်ပို့မှုသည် စိုက်ပျိုးရေးပို့ကုန်ဝင်ငွေ သိသိသာသာတိုးလာရန် အခွင့်အလမ်းများကို ဖွင့်ပေးမည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် အေးခဲဒူးရင်းတန်ချိန် ၅၀၀,၀၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံရောက်ရှိကာ တရုတ်နိုင်ငံဈေးကွက် ၉၀ ရာခိုင်နှုန်းအထိ လွှမ်းမိုးထားခဲ့သည်။ MARD ၏ အဆိုအရ အေးခဲထားသော ဒူးရင်းသည် လတ်ဆတ်သော ဒူးရင်းနှင့်နှိုင်းယှဉ်ပါက တန်ဖိုးမြင့်သော ထုတ်ကုန်အသစ်ကို ကိုယ်စားပြုကြောင်း၊ အဆိုပါ ဈေးကွက်ဖွင့်လှစ်ခြင်းသည် ထုတ်လုပ်မှုကွဲပြားအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရာသီအလိုက် ရိတ်သိမ်းခြင်းဆိုင်ရာ ဖိအားများကိုလျှော့ချရန်နှင့် ဒူးရင်းကဏ္ဍအတွင်း တန်ဖိုးပိုမိုတိုးလာစေရန် ရည်ရွယ်ပါကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ၏ အေးခဲထားသော ဒူးရင်းတင်ပို့မှုသည် ယခုနှစ်တွင် ဒေါ်လာ သန်း ၄၀၀ မှ ၅၀၀ အထိ ရရှိရန်မျှော်လင့်ထားပြီး ၂၀၂၅ ခုနှစ်တွင် ဒေါ်လာဘီလီယံချီတန်သော ပို့ကုန်လုပ်ငန်းအတွက် အဆင့်သတ်မှတ်ထားကြောင်း၊ လတ်ဆတ်သော အုန်းသီးများတင်ပို့မှုသည် လူပေါင်း ၁ ဒသမ ၄ ဘီလီယံ ဈေးကွက်သို့ဝင်ရောက်နိုင်မှုနှင့်အတူ ပို့ကုန်အလားအလာကိုလည်း မြင်တွေ့ရကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသည် တရုတ်နိုင်ငံ၏ မိကျောင်းများအတွက် ဈေးကွက်ဖွင့်လှစ်ခြင်းသည် အခွင့်အလမ်းကောင်းတစ်ခုအဖြစ်ရှုမြင်ပါကြောင်း၊ ၎င်းသည် စီးပွားရေးအတွက် သာမက ဗီယက်နမ်နိုင်ငံတွင် မိကျောင်းမွေးမြူရေးလုပ်ငန်းကို ရေရှည်တည်တံ့သောနည်းလမ်းဖြင့် ကြီးထွားလာစေကာ သဘာဝ ပတ်ဝန်းကျင်နှင့်တိရစ္ဆာန်များကိုပါ အကာအကွယ်ပေးမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီး Lê Minh Hoan က လက်မှတ်ရေးထိုးထားသော သဘောတူညီချက်များသည် အောင်မြင်သော ညှိနှိုင်းမှုရလဒ် ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ အထူးသဖြင့် ဗီယက်နမ်နိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူ ဖြစ်စေသည့် တရုတ်နိုင်ငံတွင် ထုတ်ကုန်သစ်များရောင်းချခြင်းဖြင့် စိုက်ပျိုးရေးပို့ကုန်များတင်ပို့မှု သိသိသာသာ အားကောင်းလာမည်ဟု ၎င်းကမျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် ပို့ကုန်အဆင်ပြေချောမွေ့စေရန်အတွက် တရုတ်နိုင်ငံအကောက်ခွန်ဦးစီးဌာနနှင့် နီးနီးကပ်ကပ် လက်တွဲလုပ်ဆောင်မည်ဖြစ်ပြီး ဗီယက်နမ်စီးပွားရေးလုပ်ငန်းများအတွက် တရုတ်နိုင်ငံဈေးကွက်သို့ အောင်မြင်စွာဝင်ရောက်နိုင်စေရန် ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**Source: Vietnam News**

**(စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

https://myantrade.gov.mm/

## STOCK EXCHANGE (22.8.2024)




Stock trading data

As of 22nd Aug. 2024

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,257 (Shares) | 14,617,150 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -100 | -1.11% | 8,900 | 8,900 | 8,900 | 758 | 6,746,200 | 33,109,694 | 294,676 |
| MTSH | 00002 | 3,500 | -50 | -1.41% | 3,550 | 3,550 | 3,450 | 156 | 540,100 | 38,929,150 | 136,252 |
| MCB | 00003 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 161 | 1,368,500 | 10,400,986 | 88,408 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 10 | 18,000 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 398 | 1,114,400 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 814 | 1,384,600 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 237 | 1,090,200 | 10,497,598 | 48,289 |
| MAEX | 00008 | 3,400 | +150 | +4.62% | 3,250 | 3,400 | 3,250 | 723 | 2,355,150 | 23,804,946 | 80,937 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 22nd Aug. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 409.73 | -0.89 | -0.22% | 408.34 | 409.73 | 406.80 | 3,257 | 14,617,150 | 8 | 772,823 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 22nd Aug. 2024

| Trading Volume | Trading Value |
|---|---|
| 3,272 (Shares) | 15,156,650 (MMK) |

## Main Board

As of 1:00 pm, 22nd Aug. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,257 (Shares) | 14,617,150 (MMK) |

| MYANPIX | 409.73 ▼ 0.89 |
|---|---|
| Total Volume (shares) | 3,257 |
| Total Value (MMK) | 15 mil |
| Listed Company | 8 |
| Market Cap. (MMK) | 772,823 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 100 |
| MTSH | 00002 | 3,500 | ▼ 50 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,400 | ▲ 150 |